# ပဋ္ဌာန်းအကြောင်း သိကောင်းစရာများ

အမျိုးမျိုးအပြားပြားများသောနည်းရှိသော ပေတုအာရမ္မဏအစရှိသော ပစ္စည်းအကြောင်းအရာအထူးတို့ကို ဟောရာကျမ်းကို
"ပဋ္ဌာန်းကျမ်း"ဟုခေါ်ပါသည်၊
ပဋ္ဌာန်းတရားတန်ခိုးကြီးခြင်းအကြောင်း(၃)ပါး၊
(၁) သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကြယ်သော တရားဖြစ်ခြင်း၊
(၂) တန်ခိုးကြီးသည့် နတ်ပြဟ္မာများက ရိုသေမြတ်နိုးတဲ့ တရားဖြစ်ခြင်း၊
(၃) သာသနာတည်တံ့ရေးအတွက် ရှေ့တန်းခံတပ်ကြီးဖြစ်ခြင်း။

သုံးသပ်ဆင်ခြင်ရာဌာနနှင့် ရောင်ခြည်တော်ထွက်ပေါ်ကွန်းမြူးချိန်
ဘုရားဖြစ်ပြီးနောက်(၂၂)ရပ်မြောက်နေ့တွင် ဗောဓိပင်၏ အနောက်အရပ် နတ်တို့ဖန်းဆင်းအပ်သော စတုတ္ထသတ္တာဟဖြစ်သော ရတနာဃရစံအိမ်တော်မှာ အခက်ခဲဆုံးအနက်နဲဆုံး နယသာဂရဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်ချိန်မှာ ဉာဏသာဂရဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးအတွက် စံချိန်ကိုက်မိ၍ စွမ်းရည်နှင့်တရား တစ်သားတည်းဖြစ်ကာ ခြောက်ဖြာသော ရောင်ခြည်တော်(၆)ပါးတို့ကို ထွက်ပေါ်ကွန့်မြူးလာပါတော့သည်။
ဒီရောင်ခြည်တော်(၆)ပါးကို အကြောင်းပြုပြီးတော့ သာသနာအလံ(၆)မျိုး အညိုရောင် ရွှေဝါးရောင် အဖြူရောင် အနီးရောင် မောင်းသောအရောင်း ထိုအရောင်(၅)မျိုးပေါင်း၍ ပြိုးပြိုးပြက်ပြက်ထွက်သော ပဘဿရရောင်ခြည်တော်များမှ သာသနာအလံဖြစ်ပေါ်လာပါသည်။
မယ်တော်မိနတ် နို့ဖိုးဆပ်တရား
စင်စစ်တော့ ထိုအခါက အဘိဓမ္မာဒေသနာတော်ကြီးကို ပြဟ္မာနတ်လူ သုံးဘုံသူတို့အား ဟောကြားတော်မမူသေးပါ၊ သဗ္ဗညုရွှေဉာဏ်တော်ကို ဆန့်တန်းတော်မူ၍ သုံးသပ်ဆင်ခြင်ရုံမျှသာ ဖြစ်ပါသည်၊ ဘုရားဖြစ်သည့်မှစ၍ မြတ်စွာဘုရားသည် (၇)ဝါမြောက် ဝါကပ်တော်မူမည့် ဝါဆိုလပြည့်နေ့မှာ သာဝတ္တိပြည်အနီး သရက်ဖြူပင်ရင်၌ သီးတင်သုံးတော်မူလျှက် မိစ္ဆာဒိဋ္ဌိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစုံအစုံလွှတ်သည် ယမကပြာဋိဟာကို ပြတော်မူသည်၊ ထိုနောက် ရှင်လူအများ ဖူးမြော်နေစဉ်ပင် တာဝတိံသာနတ်ပြည်သို့ ၂-လှမ်း ၃-ဖဝါးဖြင့် ကြွပြီးလျှင် သိကြာနတ်မင်းစံရာ ပင်လယ်ကသစ်ပင်ရင်၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာမြကျောက်ဖြာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျှက်
ဝါတွင်းသုံးလပတ်လုံး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား ကျေးဇူးဆပ်သောအားဖြင့် တစ်သောင်းသော စကြာဝဠာမှ နတ်ပြဟ္မာအပေါင်းအား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို နှုတ်တော်တွတ်တွတ်ရွတ်ဆိုကာ ဟောကြားတော်မူခဲ့ပါသည်၊ နတ်ပြဟ္မာအပေါင်း ကုဋေရှစ်သောင်း တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်၊
ထိုကြောင့် (မယ်တော်မိနတ် နို့ဖိုဆပ် ဟောမြွက်ဘိဓမ္မာ) ဆိုတဲ့အတိုင်း မယ်တော်အမိနတ်သားအား နို့ဖိုဆပ်တရားဟူ၍ ခေါ်ဝေါ်ပြောစမှတ်ပြုကြပါသေးသည်၊

ဘုရားရှင်သည် အဘိဓမ္မာ(၇)ကျမ်းတွင်-
(၁) ဓမ္မသင်္ဂဏီကျမ်းကို (၁၂)ရက်၊

(၂) ဂိဘင်းကျမ်းကို (၁၂)ရက်၊
(၃) ဓာတုကထာကျမ်းကို (၆)ရက်၊
(၄) ပုဂ္ဂလပညတ်ကျမ်းကို (၇)ရက်၊
(၅) ကထာဝတ္ထုကျမ်းကို (၈)ရက်၊
(၆) ယမိုက်ကျမ်းကို (၂၀)ရက်၊
(၇) ပဋ္ဌာန်းကျမ်းကို (၂၅)ရက်တိတိ ဟောကြားတော်မူရာ သီးတင်ကျွတ်လပြည့်နေ့မှာ အဘိဓမ္မာတရားကို ဟောကြားလို့ ပြီးဆုံးသွားပါသည်၊
ဂါတွင်းသုံးလ ရက်ပေါင်း(၉၀)ဖြစ်သဖြင့် ရက်ပေါင်းကိုးဆယ့်နတ်ပြည့်ဂယ်ဟု ပြောဆိုစမှတ် ပြုကြပါသည်၊

ပဋ္ဌာန်းတရားတော်ကြောင့် တခဏချင် ရဟန္တာဖြစ်သူ-----
မဟာဂတိဂမိယတိဿဒတ္တထေရ် (သီဟိုရ်ကျွန်သား)ဖြစ်ပါသည်၊
ပဋ္ဌာန်း(၅)ကျမ်းမှာ အုပ်ရေ(၅)အုပ်၊ စာတစ်မျက်လျှင် စာကြောင်းရေ(၃၀)ရှိပြီး၊ ဆဋ္ဌမူတစ်အုပ်လျှင် စာမျက်နှာ(၄၀၀)ကျော်ခန့်ရှိပြီး၊ (၅)အုပ်ပေါင်းစာမျက်နှာ(၂၆၀၀)ကျော်ခန့်ရှိပါသည်၊ ကွန်ပျူတာမှာတော့ စာမျက်နှာပေါင်း(၃၀၀၀)ကျော်ခန့်ရှိပါသည်၊
(၁၃၂)နာရီ (၅)ရက်ခွဲခန့် အသံမစဲ ပုံမှန်နှစ်ပါးရွတ်ဆိုမှ ပြီးနိုင်သည်၊
သာသနာကွယ်ပျောက်လျှင် ပဋ္ဌာန်းကျမ်းသည် ပထမဦးဆုံး ကွယ်ပျောက်မည်ဟု ပါထိကဝဂ္ဂအဋ္ဌကထာ(သမ္ပသာဒနီယသုတ်)မှာ ဆိုထားသည်၊

ပဋ္ဌာန်းနှင့်ပင်လယ်
အနန္တနယသမန္တမဟာပကရဏမည်သော ပဋ္ဌာန်းကျမ်းကြီးကို အနိုင်းမဲ့ဟု ဆိုခဲ့သော်လည်း အနီးကပ်ဆုံးနိုင်းယှဥ်ရသော် ထောက်တည်ရန်ခက်ခဲအောင် နက်ရှိုင်းပြီး ကမ်းမမြင်ကျယ်ပြောသော ပင်လယ်ကို ပမာပြုတင်စာရမည်။
ပဋ္ဌာန်းနှင့်ပင်လယ်၊ ပင်လယ်နှင့်ပဋ္ဌာန်း ဘယ်ဟာက ပိုး၍နက်ရှိုင်းကျယ်ပြောလေသနည်း?၊
တစ်ချိန်သောအခါက သီဟိုဠ်ရဟန်းတော် တိဿဒတ္တထေရ်သည် မဟာဗောဓိကို ဖူးမြော်ရန် သီဟိုဠ်မှ ဇမ္ဗူဒိပ် မဇ္ဈိမဒေသသို့ ပင်လယ်ခရီးဖြင့် သင်္ဘောစီး၍ ကြွတော်မူခဲ့ပါသည်။
သင်္ဘောပေါ်မှနေ၍ ရေပြင်၏အဆုံးကို မျှော်ကြည့်၏၊ မျှော်လေတိုင်း ရေလှိုင်းတို့သာ ထင်နေသော ကမ်းမမြင် လမ်းမမြင် ပင်လယ်ရေပြင်ကိုကြည့်၍ တွေးတောကြံစည်နေစဉ်မှာပင် ဆိတ်ကမ်းကို မြင်ရလေတော့သည်။

ပင်လယ်ဟူသည် အောက်ခြေတွင် မြေပြင်ဖြင့် ပိုင်းခြား၍ အထက်အဖို့တွင် ဟာလာဟင်လင်အပြင်ဖြင့် အနားကွပ်ပေသည်၊ စကြာဝဠာတောင်တန်းဖြင့် ခါးပန်းသတ်၍ တစ်ဘက်တွင်ကား ဆိတ်ကမ်းဖြင့် နခမ်းသတ်မြဲသာ ဖြစ်လေသည်၊ ဒီပဋ္ဌာန်းကျမ်းကြီးကား ထက်အောင်ဂဲယာ ဘယ်မှာမှ ပိုင်းခြား၍ ကလနားသတ်မှတ်ချက်မရှိ နက်နဲကျယ်ပြောလှဘိ၏၊ ဒီလိုတွေးပြီးတော့ တရားသဘောဖြင့် ဆင်ခြင်သုံးသပ်ရာ တစ်ထိုင်တည်ဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာဖြစ်သွားလေတော့သည်။

ပဋ္ဌာန်းနှင့် ယနေ့ကမ္ဘာ
ပဋ္ဌာန်းကျမ်းကြီးဟာ ယနေ့ ကမ္ဘာကြီးထဲမှာ ထေရဝါဒဂိုဏ်း မဟာယာနဂိုဏ်းကြီးနှစ်ဂိုဏ်းရှိရာတွင် မဟာယာနဂိုဏ်းမှာ ပဋ္ဌာန်းကျမ်း ပဋ္ဌာန်းတရားဟာ ကျမ်းစာအုပ် အနည်းငယ်မျှသာ ကျန်ရှိလောက်ရုံသာ ဖြစ်တော့တယ်၊ အာဂုံဆောင်ခြင်း သင်ခြင်းဟောပြောပို့ချခြင်း ပဋ္ဌာန်းပွဲကျင့်ပခြင်းစသည် မရှိတော့ပါ၊ ပဋ္ဌာန်းကျမ်းကြီးဟာ ကွယ်ပျောက်လုနီးဖြစ်သွားပြီး။

ထေရဝါဒငါးနိုင်ငံဘက် ပြန်ကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံမှာတော့ ပဋ္ဌာန်းကျမ်းကြီး ရှိတော့ရှိပါတယ်၊ ပစ္စယုဒ္ဒေသပါဠိတော်မျှ ရွတ်ဆိုခြင်းနုတ်တက်ရခြင်းသာ ကျန်တော့သည်၊ မည်သူ မည်သည့်ရဟန်းမှ ပဋ္ဌာန်းကျမ်းကြီးကို အာဂုံဆောင်ခြင်း ရွတ်ဖတ်ခြင် ဟောပြော ပို့ချခြင်း ပဋ္ဌာန်းပွဲကျင့်ကခြင်း မရှိတော့ပါ၊ ပဋ္ဌာန်းကျမ်းကြီးကို ကြည့်ချင်ရင် ဆိုင်ကြီး ဆရာတော်ကြီး ပြတိုင်ကြီးမှာ သွားကြည့်ရတယ်လို့ ကြာသိရသည်၊

နောက်သီရိလင်္ကာ(သီဟိုဠ်) နိုင်ငံမှာတော့ ပဋ္ဌာန်းကျမ်းကြီးမရှိတော့ဘူးတဲ ကွယ်ပျောက်လုနီးပါဖြစ်သွားပြီး၊ သာသနာကွယ်လျှင် ပဋ္ဌာန်းကျမ်းက အရင်ဆုံးကွယ်မည်ဆိုတဲ့အတိုင်း မြန်မာနိုင်ငံက လွဲလို့ ကျန်တဲ့နိုင်ငံတွေမှာ ပဋ္ဌာန်းကျမ်းကြီးဟာ တစ်ဖြေဖြေနဲ့ အခုကနဲ့ စတင်ကွယ်ပျောက်တော့မည်။

မြန်မာနိုင်ငံမှာတော့ ဒီပဋ္ဌာန်းကျမ်းကြီးဟာ အာဂုံဆောင်ခြင်း ဟောပြောပို့ချခြင်း အသံမစဲ(၇)ရက်ပဋ္ဌာန်းပွဲ ကျင့်ပခြင်း တစ်ပါးတည်း တစ်ယောက်တည်း ရွတ်ဆိုခြင်း စာမေးပွဲပြုလုပ်ခြင်း ရိုက်နှိပ်ဆက်လက်ထုတ်ဝေခြင်းတို့ကြောင့် မြန်မာမှာ ပဋ္ဌာန်းကျမ်း ပဋ္ဌာန်းတရားဟာ ထွန်းကာတောက်ပနေဆဲပါ၊

ပဋ္ဌာန်းကျမ်းကြီးက အခက်ဆုံးဖြစ်သည့်အတွက် တိပိဋကစာမေးပွဲမှာ အဘိဓမ္မာနောက်ပိုင်းရောက် တိပိဋကစာဖြေအရှင်မြတ်တို့ဟာ တစ်နှစ်လောက်နားရသည် မနားသော်လည်း ဖြေဆိုသော်လည်း စာမေးပွဲကျရှုံမြဲဘဲ ဖြစ်သွားသည်၊ မကျသူကတော့ မင်းကွန်းဆရာတော်သာ ရှိသည်၊ တစ်နှစ်တည်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်၊

အမရပူရ-မဟာဂန္ဓာရုံကျောင်းတိုက်မှ အရှင်ကဝိန္ဒာလင်္ကာရာဘိဝံသလဲ အသက်(၁၇)နှစ်ရှိ၊ ၁၃၄၉-ခုနှစ်၊ အစိုရ ပထမကြီးတန်းမှာ ဒီပဋ္ဌာန်းကျမ်းဘာသာအတွက် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး (၉၉)မှတ် ရရှိတော်မူခဲ့ပါသည်၊

ဒီပဋ္ဌာန်းကျမ်းကြီးနှင့်တကွ ထိုပဋ္ဌာန်းကျမ်းကြီးကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အရှင်မြတ်တို့အား ရှိခိုးပူဇော်ပါ၏ဘုရား။

သီးတင်ကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကို ကြိုးဆိုဂုဏ်ပြုလျှက်

Ashin Uttara